# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ၁၈ ရက်မြောက်နေ့အစီအစဉ်

# [ ၅–၈–၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြိယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်(ကိုယ်စား) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **အောက်ခြေအလုပ်သမားများအတွက် အနိမ့်ဆုံး လစာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသာစိန်၊ ကျောက်တော် မဲဆန္ဒနယ်(ကိုယ်စား) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **မင်းပြားမြို့ ကမ်းပြိုထိန်းသိမ်းရေးကို ဆောင်ရွက်ရာ၌ ကျွမ်းကျင်ပညာရှင်များက ကွင်းဆင်းလေ့လာပြီး ကောင်းမွန်သော နည်းပညာများဖြင့် ကမ်းပြိုခြင်းကို ထိန်းသိမ်းရန် အစီအစဉ် ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်၏ **ဂန့်ဂေါမြို့တွင် စံချိန်မီ လေယာဉ်ကွင်းတစ်ကွင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဝက်ကျော်ကာလပတ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အခြေအနေ၊ နိုင်ငံလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏပေါင်း၊ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့သော FDI ဥပဒေ၊ နည်းဥပဒေ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးကျင်ဝမ်း၊ ဟိုပန် မဲဆန္ဒနယ်၏ **ဟိုပန်မြို့တွင် ခရိုင်နှင့် မြို့နယ် စီမံကိန်း ဦးစီးရုံးများကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်၏ **ဌာနဆိုင်ရာအဆင့်ဆင့်တွင် မည်သို့သော အကြောင်းကြောင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်း ပြည့်မီအောင် ခန့်ထားခြင်း မရှိသည်**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်၏ **ရွှေတောင်မြို့နယ်ရှိ အ.ထ.က(ခွဲ) တရုတ်မှော်၊ အ.မ.က (စမ်းရွာ)၊ အ.မ.က (လက်ပံပု)၊ အ.မ.က (ရွာကုန်း) အခြေခံပညာကျောင်းများ ပြုပြင်/အသစ် တည်ဆောက်ရန်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ကျေးတပင်ကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းအား ပြုပြင်ဆောက်လုပ်နိုင်ပါရန် အတွက် ရန်ပုံငွေချထားပေးရန် အစီအစဉ်ရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးကျော်မြင့်၊ နောင်ချို မဲဆန္ဒနယ်၏ **ဆမ္မဆယ် အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း (ခွဲ) အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးအေးဟန်၊ ပေါက်ခေါင်း မဲဆန္ဒနယ်၏ **ပေါက်ခေါင်းမြို့နယ်တွင်ရှိသော စာသင်ကျောင်းများအား ပြန်လည်ပြုပြင် မွမ်းမံပေးနိုင်မှုရှိ/မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **" ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၈။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"ရေကြောင်း အတားအဆီးများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **"မြစ်ကျဉ်းသွားလာမှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီက **" အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း"** ကို တင်သွင်းခြင်း။

၁၁။ **" အသင်းအဖွဲ့များဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ဖတ်ကြားရှင်းလင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ရေးရာ စီမံခန့်ခွဲမှု ကော်မတီမှ တင်သွင်းသည့် **" အသင်းအဖွဲ့များ ဆိုင်ရာ ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း နှင့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၉ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။